m gစိတ်ကူးချိုချိုအနုပညာ

# ဉာဏ်
# မင်းစွေ

ဆဋ္ဌမအကြိမ်

mgyoe.com

mgyoe.com

သင်၏ဘဝစည်းစိမ်ကို
ကျွန်ုပ်၏နာမည်တစ်လုံးနှင့်
လဲလှယ်နိုင်မည်မဟုတ်



UMS0001
900.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ နိုဝင်ဘာလ၊ ဆဋ္ဌမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၇ ၀ ၀ ကျပ်

၈ ၀ ၈ · ၈ ၃

နာမည်
မင်းဆွေ၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ဆဋ္ဌမအကြိမ်၊ ၂၀၁၃၊
စာမျက်နှာ ၈၂ မျက်နှာ၊ ၁၀ စင်တီ× ၁၆ ·၅ စင်တီ
(၁) နာမည်

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# နှာမည်း

## မင်းဆွေ

ဆရွှေမအာဂြိုဟ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အဆွေသည် ပစ္စည်းဥစ္စာကြွယ်ဝ၏၊ ပညာအရည်အချင်းနှင့် ပြည့်စုံနေ၏၊ ရာထူးကြီး၏၊ အဆင်းလှ၏၊ ကျန်းမာသန်စွမ်း၏၊ ကျွန်ုပ်တွင်ကား လူအများမော်ကြည့် အားကျနေသော နာမည်ကလေး တစ်လုံးသာ ရှိအံ့၊ အခြား ဘာမျှမရှိချင်နေပါစေ၊ သင်၏ ဘဝစည်းစိမ်ကို ကျွန်ုပ်၏ နာမည်တစ်လုံးနှင့် လဲလှယ်နိုင်မည် မဟုတ်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ နိဒါန်း ......... က

၂။ နာမည် ......... ၁

၃။ ကျန်ရစ်ခြင်း ......... ၂၁

၄။ ပျောက်ဆုံးနေသော စာရေးဆရာ ......... ၆၉

၅။ မင်းဆွေ ......... ၈၀


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

ကျွန်ုပ်တို့သည် လူများဖြစ်ကြလေသည်။ လူဖြစ်လာလျှင် လူသည် လူဖြစ်ကျိုးနပ်ဖို့ အရေးကြီး၏။ ကျွန်ုပ်တို့သည် အစာအာဟာရကို မှီဝဲနေရာ၌ အသက်ဝိညာဉ်ကလေး လူ၏ ကိုယ်ခန္ဓာမှ ခွာ၍မသွားရုံ မဟုတ်။ ခွာ၍မသွားရုံ ဟုသာ ဆိုလျှင် ကျွန်ုပ်တို့မှာ 'ဆန်ကွဲ' ပြုတ်စားနေတော့မည် ဖြစ်လေသည်။ ဆန်ကွဲကို ပြုတ်စားမနေနိုင်သည့်အတွက် ကောင်းနိုးရာရာကို အပင်ပန်းခံ၍ ရှာဖွေချက်ပြုတ်နေကြရာ၌ ရည်ရွယ်ချက် တစ်ခု ရှိတန်ရာ၏။ ထိုရည်ရွယ်ချက်ကား

(၁) စားနေစဉ် အရသာရှိမှု၊

(၂) စားပြီးနောက် စားရကျိုးနပ်မှုပင် ဖြစ်လေသည်။

သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ ဆိုသကဲ့သို့ အစာအာဟာရသည် ဤမျှအရေးကြီးခဲ့ရာ အာဟာရကို ပြည့်စွမ်းနေရာ၌ ဖော်ပြပါ စားနေစဉ် အရသာရှိမှု၊ စားပြီးနောက် စားရကျိုးနပ်မှုသည် များစွာလိုအပ်သကဲ့သို့

mgyoe.com

mgyoe.com

## (၁)

ကျွန်ုပ်တို့သည် လူ့ပြည့်လူ့ဘဝ၌ လူမည်ကာမျှ လူလုပ်နေရုံ မဟုတ်တော့ဘဲ

(၁) လူဖြစ်နေစဉ် အရသာရှိမှု၊

(၂) လူဖြစ်ခဲ့ပြီးနောက် လူဖြစ်ကျိုးနပ်သွားမှုတို့သည် လူ ဟု ခေါ်သော လူတို့၌ များစွာလိုအပ်လေတော့ရာ စာရေးဆရာမင်းဆွေသည် ကျွန်ုပ်တို့လူဖြစ်ခဲ့ပြီ၊ ဘာလုပ်ကြမလဲ၊ လူဖြစ်လာရင် လူမှာ ဘာအရေးကြီးသလဲ၊ ဟောဒါ ဟောဒါတွေပဲ ဟု လက်ဝါးပေါ်တင်ပြီး ထင်ရှားအောင်ပြလိုက်သကဲ့သို့ သူ၏ (၁) ကျော်စောခြင်း (၂) ကျန်ရစ်ခြင်း ဟု အပိုင်း ၂ ပိုင်းတည်း ခွဲခြားထားသော 'နာမည်'ခေါ် ကျမ်းကလေးဖြင့် လူ့ပြည်လောက လူ့ဘဝပေါ်သို့ ဖြန့်ကြဲချတော့မည်ဖြစ်လေသည်။

အကြင်လူ တစ်ဦးတစ်ယောက်သည် **သူ** ထားရာနေ **သူ** စေရာ သွားရ၏။ **သူ** တွန်းတင်လျှင် အထွတ်အထိပ်သို့ ရောက်ရ၍ **သူ** ဖိနှိပ်လျှင် အောက်တန်းသို့ ကျရလေသည်။ **သူ** သည် ဤမျှ တန်ဖိုးကြီး၏။ **သူ** မည်သူနည်း။

သူကား **နာမည်** ပင် ဖြစ်လေရာ မင်းဆွေ၏ ဤ **နာမည်** ဟု မှည့်ထားသော ကျမ်းကလေးပေါ်လာခြင်းဖြင့် လူတို့နေထိုင်ရာ လောကကြီးကို များစွာ ကူညီထောက်ပံ့ဖွယ်ရာရှိသည့်ပြင် ထိုကျမ်းသည် လူလုပ်နည်းလည်း ဖြစ်၏။ လူလူချင်းအပေါ်၌ မေတ္တာထား လျစ်လျူမရှု မိမိတာဝန်ဟု ကူညီချင် မစချင်လောက်အောင် စိတ်ကောင်းစိတ်မြတ်မွေးမြူလာစေသော နည်းလည်း ဖြစ်၏။ အသက်ရှည်နည်း

mgyoe.com

mgyoe.com



လည်း ဖြစ်၏။ သေနည်းလည်း ဖြစ်၏။

ထိုစာအုပ်ကလေးနှင့် ပတ်သက်၍ အကျယ်မရေးလိုတော့ပေ။ သင် မဖတ်နိုင်ပါက ရှိပါစေ၊ လူဖြစ်မရှုံးစေချင်လျှင်၊ လူဖြစ်ကျိုးနပ်စေချင်လျှင် ထိုစာအုပ်ကလေးကို သင်၏နံဘေးမှ သင်၏သားဂၤလေးကိုသာ လက်ဆင့်ကမ်းလိုက်ပါတော့။

၀

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# နာမည်

## ကျော်စောခြင်း

သတင်းစာတို့မည်သည် ညဥ့် နာရီပြန် ၂ ချက် ဆိုလျှင် အယ်ဒီတာအဖွဲ့ အလုပ် ရပ်စဲစမြဲ ဖြစ်လေသည်။ တစ်ခါက ဗန္ဓုလသတင်းစာတိုက် ညဥ့်အယ်ဒီတာအဖွဲ့မှာ ညဥ့် ၃ နာရီ ထိုးသွားသော်လည်း အလုပ်ရပ်စဲရမှန်း မသိကြသေးချေ။

နက်ဖြန်ထွက်သတင်းစာအတွက် သတင်းဆောင်းပါးများ အပြည့်အစုံ ဆိုင်ရာသို့ ပို့အပ်ထားပြီးဖြစ်သော်လည်း ဗန္ဓုလအယ်ဒီတာအဖွဲ့မှာ ထိုင်ရာမှ မထကြသေးဘဲ ဝိုင်းဖွဲ့ငြိမ်သက်နေကြ၏။ အမှန်ကား တိုက်ရှင် အယ်ဒီတာချုပ် ဗန္ဓုလဦးစိန်က 'ဒီကနေ့ညဥ့် သည်းခံစောင့်ဆိုင်းလိုက်ကြပါ' ဟူသော အမိန့်ထားချက်ကြောင့် အိပ်ချိန်ကို သတိမရဘဲ စောင့်ဆိုင်းနေကြခြင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com


စာစီဘက် ဌာနကမှ '၃ နာရီခွဲလုပြီ၊ ဖောင်ပိတ်ရတော့မလား၊ တော်ကြာ မနက်ထွက်သတင်းစာ နောက်ကျကုန်လိမ့်မယ်'ဟု မကြာခဏ လာရောက်ဆူပူနေကြ၏။ တိုက်ရှင်အာဏာကြောင့် 'ခဏတ္တလောက် ဆိုင်းပါဦး'ဟု ငံ့ထားလိုက်ရသော်လည်း အယ်ဒီတာအဖွဲ့မှာ စောင့်ဆိုင်းနေသော တစ်စုံတစ်ရာအတွက် များစွာ အားမရလှချေ။

သို့သော် ၃ နာရီခွဲပြီးဖြစ်၍ မကြာမီ ရိုက်တာကြေးနန်းတစ်စောင် ရောက်လာရာ အယ်ဒီတာအဖွဲ့သည်လည်း လှုပ်ရှား၍ သွားတော့လေသည်။

နောက်တစ်နေ့၌ကား 'တူရကီသမ္မတ အာဏာရှင် ကီမယ် အတာတပ် ကွယ်လွန်အနိစ္စရောက်ပြီ'ဟူသော ရောမစာလုံးကြီးများဖြင့် အခြားသတင်းစာများထက် ဗန္ဓုလက တစ်ရက်စောစွာ ထွက်လာလေသည်။

ဗန္ဓုလဦးစိန်၏ ထင်မြင်ချက် မှန်နေ၏။ ညဉ့်ဦးလောက်က 'ကီမယ် အတာတပ်' အသည်းအသန်ဖြစ်နေသောသတင်းကို ရထားပြီဖြစ်၍ သတင်းစာတွင် လက်မလွတ်စေရန် အယ်ဒီတာအဖွဲ့အား စောင့်ဆိုင်းခိုင်းထားဟန် တူလေသည်။

သို့သော် တစ်ညဉ့်က ကွယ်လွန်အနိစ္စရောက်သူမှာ တစ်ကမ္ဘာလုံး၌ ကီမယ် အတာတပ် တစ်ယောက်တည်း မဟုတ်၊ ကျွန်ုပ် သိရသမျှဆိုလျှင် ဗန္ဓုလသတင်းစာတိုက်နှင့် တစ်လမ်းတည်းနေ ၃–၄ တိုက်ခြားမှ ပွဲစား ကိုအောင်ဖေဆိုသူသည် အသက်ပျောက်သွား၏။ သို့ရာတွင် မြေခြား

mgyoe.com

mgyoe.com


ရေခြားဝေးလံလှသော ကမ္ဘာမြေကြီး၏ တစ်နေရာမှ ကီမယ် အတာတပ်၏ အကြောင်းသာပါပြီး ပွဲစား ကိုအောင်ဖေ နာမည်ဆို၍ သတင်းစာတစ်စောင်လုံးတွင် အစအနမျှ မတွေ့ရချေ။

ကျွန်ုပ်ကား စဉ်းစားစပြုလေသည်။

ဤလောကကား မည်သို့သော လောကနည်း။ ဗန္ဓုလတစ်စောင်တည်းမဟုတ်၊ နောက်တစ်နေ့တွင် ရန်ကုန် သတင်းစာအားလုံးတွင် ပါခဲ့၏။ ကီမယ် အတာတပ်နှင့် တစ်ချိန်တည်း သို့မဟုတ် မရှေးမနှောင်း ဘဝပြောင်းသွား ရသူများကား နာရေးကြော်ငြာအောက်တွင် ၂ ကျပ်ခွဲ ၃ ကျပ် ပေး၍ ချောင်ခပ်ကျကျမှ ပါဝင်ခဲ့ရ၏။

ဤလောကသည် တရားပါ၏လော။ နီးဝေးမိတ်ဆွေ ညာတိသင်္ဂဟများ သိစေလို၍၊ သို့မဟုတ် သတင်းစာတွင် ပါချင်လွန်းသဖြင့် ငွေကြေးပေးကြော်ငြာ၍မှ နေရာကောင်းကောင်းမရ၊ ကီမယ်အတာတပ်ကိုမူ သူ၏ဂုဏ်ကောင်းများနှင့် သားသားနားနား ဖော်ပြကြရုံမျှမက ထိုသတင်းကိုပင် သတင်းစာတိုက်က ငွေကြေးများစွာနှင့် ဝယ်ယူထည့်သွင်းရ၏။

အကယ်တိ ကိုအောင်ဖေသည် ပွဲစားမဟုတ် သမ္မတအာဏာရှင်သာဖြစ်ပါဘိမူ ကီမယ် အတာတပ်ကဲ့သို့ တစ်ကမ္ဘာလုံးက လေးလေးစားစား အသိအမှတ်ပြုပေလိမ့်မည်။ သို့ရာတွင် သမ္မတ အာဏာရှင်ဖြစ်မှသာ ဤအဖြစ်မျိုးရမည်လောဟု မေးငြားအံ့၊ ဤသို့လည်း တထစ်ချ

mgyoe.com

mgyoe.com


မမှတ်အပ်ပေ။ ရှေးက ကွယ်လွန်ပြီးသော ဦးထွန်းရှိန်၊ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၊ ဦးဥတ္တမ၊ ဆရာကြီး ပီမိုးနင်းတို့သည် သမ္မတ အာဏာရှင်မဟုတ်။ သို့သော် သူတို့သည် သတင်းစာများ၌ သားသားနားနား ပါဝင်ခဲ့လေသည်။

အဘယ်ကြောင့် ထိုသို့ဖြစ်ကြရသနည်း။ ကမ္ဘာကြီး စစ်ဖြစ်ချိန်၌ စစ်ထဲဝင်သူတွေ မရေမတွက်နိုင်။ သတင်းစာများက မည်သူမည်ဝါဟု ဖော်မပြ။ လက်ဖွေ့သမား ဂျိုလွီးစ် စစ်ထဲဝင်သည်ကိုမူ အမေရိကန်တစ်ပြည်လုံး သိရုံမျှမက မြန်မာ သတင်းစာစက္ကူများပေါ်သို့ပင် ရောက်လာ၏။ အထက် မြေဒူးရွာကလေးတွင် သေကျေပျက်စီးပြီးသူများ မည်မျှ များပြားမည်ဟု ကျွန်ုပ်တို့ မသိ။ ရွှေဖီသေသည့် အကြောင်းကိုမူ သတင်းစာများ၌ တွေ့လိုက်ရ၏။ ရက်စက်ဆိုးသွမ်းသည့်အတွက် အသတ်ခံရသူပေါင်း လက်ချိုး၍ မရေတွက်နိုင်။ စံဖဲအသတ်ခံရစဉ်က တစ်ပြည်လုံးကြား၏။ လွန်ခဲ့သော နှစ်အနည်းငယ်က ဆင်းရဲသားသူပုန်တွေ အမြောက်အမြား သေကျေခဲ့သော်လည်း ဆရာစံနာမည်ကိုသာ သတင်းစာများက အကြီးအကျယ် ဖော်ပြကြလေသည်။

အစာမရှိ၍ လမ်းဘေးပလက်ဖောင်းပေါ်တွင် ချည့်နဲ့ခွေလဲနေသည့် ဒုက္ခသည်တွေ မကြာခဏ တွေ့ရ၏။ ဂန္ဓီထောင်ထဲ၌ အစာငတ်ခံသောအခါ သတင်းစာများက ယနေ့နက်ဖြန် သန်ဘက် ဖိန်းနွဲ့စသော အင်အားအခြေအနေကို စောင့်မျှော်ထည့်သွင်းနေကြလေသည်။ ကျွန်ုပ် ခေါင်းခဲ

mgyoe.com

mgyoe.com

၍ သေပွဲဝင်ရမတတ် ဝေဒနာခံနေရချိန်တွင် ဂျော့ဘုရင် နှာစေးနေခြင်းဟု တိုးတက်ရေးသတင်းစာ၌ ပါခဲ့လေသည်။

ဤသို့လျှင် သတင်းစာဆရာများသည် စိတ်ထားမတူ လူလူချင်းအပေါ်၌ ပိုင်းခြား သတ်မှတ်ထားကြောင်း ထင်ရှား၏။ သို့သော် သတင်းစာ၏ အပြစ်လော။ သူတို့အား အပြစ်တင်ရန် ခဲယဉ်းလှသည်။ 'ကျွန်ုပ်တို့သတင်းစာတိုက်အနီးမှ ပွဲစားကိုအောင်ဖေ သေဆုံးပြီး ဒေါ်ညိုအိသားစစ်ထဲ လိုက်သွားသည်။ မြေဒူးရွာမှ ကုလား မာလယား သေရှာပေါ့။ သူပုန်အောင်ဘုကို သေနတ်နှင့် ပစ်သတ်လိုက်ကြောင်း။ ကူလီ ဘိုးတုတ် အစာမစားရသဖြင့် ယနေ့ ပို၍ပိန်သည်။ ရန်ကုန်အနောက်ပိုင်းမှ ငဖြိုး နေထိုင်မကောင်း' စသော သတင်းများကို ထည့်သွင်းပေးရမည်ဆိုက သတင်းစာတစ်စောင်လုံး နေရာလောက်ငမည် မဟုတ်သည့်အပြင် မည်သူမျှလည်း ဖတ်လိုကြမည် မဟုတ်။

သတင်းစာဆရာများကား စာဖတ်ပရိသတ်တည်းဟူသော သူတို့နှင့် အလုပ်လုပ်နေရသဖြင့် သူတို့အလိုကျ ထည့်သွင်းဖော်ပြနေရလေသည်။ သူတို့လိုချင်တာ ဘာလဲ။ သူတို့အလိုရှိသည့်အကြောင်းမှာ သူတို့လုံးဝ မသိသူများ၏ အခြေအနေကို မမျှော်လင့် သူတို့သိပြီး သူတို့နားလည်ပြီး သူများကောင်းကြောင်း ဆိုးကြောင်း လက်ရှိအခြေအနေကို သိလိုကြားလိုခြင်းသာ ဖြစ်လေသည်။

ဥပမာဆိုအံ့၊ စာဖတ်သူသည် ရန်ကုန် ၃၆ လမ်းမှ ကိုပိန် ကားတိုက်၍ သေသည်ကို မှတ်မိပါသလော။

mgyoe.com

mgyoe.com


မမှတ်မိ။ သူဌေး ကိုဘိုးဒွေး သေတာကော မသိ။ သို့သော် သင်သည် တစ်ခါက 'ဟာ ပီမိုးနင်းကြီး ဆုံးပါပေါ့ကလား' ဟု သတင်းစာတစ်စောင်ကို ကြည့်ရင်း အံ့အားသင့်ခဲ့ရလေပြီ။ ထိုသတင်းသည် သင်တို့ ကျွန်ုပ်တို့ လုံးဝမသိသော သူဌေးတစ်ဦး မော်တော်ကားတိုက် သေခြင်းထက် အရေးကြီးခဲ့သည် မဟုတ်လော။

သို့ဖြစ်လေရာ သတင်းစာဆရာများသည် အများထက် အများသိရှိနားလည်ပြီးသူများ၏ အလုပ်အကိုင် အနေအထိုင် အပြုအမူ အပြောအဆို အခြေအနေများကို တခဲတယဉ်း ရှာဖွေနေကြရလေသည်။

ထိုကဲ့သို့ ဖြစ်ရသည့် သဘောကို ကျွန်ုပ်တို့ စဉ်းစားအံ့။ လူအများ ဂရုစိုက်ခြင်းကို ခံရသူများမှာ ရာထူး အရှိန်အဝါကြောင့်လော၊ ဉာဏ်ပညာကြီးကျယ်၍လော။ ဥစ္စာစနေကြွယ်ဝချမ်းသာ၍လော၊ ကိုယ်အင်္ဂါသန်စွမ်း၍လော စသည်ဖြင့် လောပေါင်းများစွာ မေးစရာ ရှိလာလေသည်။ မှန်ပါ၏။

တိုက်ဂျီ၊ ချာချီတို့ကို ရာထူးကြောင့် ကျွန်ုပ်တို့ သိ၏။ မိုးညင်းဆရာတော်ကို ဉာဏ်ပညာကြောင့် ကျွန်ုပ်တို့ သိ၏။ ရောက်ဖဲလားကို ဥစ္စာစနေကြွယ်ဝ၍ သိ၏။ ဆန်ဒိုနှင့် ဇော်ဝိတ်ကို ကိုယ်အင်္ဂါသန်စွမ်း၍ ကျွန်ုပ်တို့ သိ၏။ အကယ်၍ အဆိုပါ အချက်များနှင့် မပြည့်စုံလျှင် ကျွန်ုပ်တို့ ဂရုမစိုက် မသိနားမလည်သလောဟု မေးစရာရှိသည်။ အောက်ပါ အကြောင်းအရာကလေးကို ဖတ်ရှုဆင်ခြင်လေ။

ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ စင်မြင့်တစ်ခု၏

mgyoe.com

mgyoe.com


ပတ်လည်တွင် လူ၊ ရဟန်း ပရိသတ် ထောင်ပေါင်းများစွာ ပတ်ချာဝိုင်းနေကြလေသည်။ ထိုအခါကား မြန်မာပြည်မှ . အင်္ဂလိပ်ပြေးလုနီး ဥရောပစစ်ကြီးစတင်နေသော နေ့တစ်နေ့၏ညနေခင်းအချိန် ဖြစ်၏။ ပြောဟောပွဲတစ်ခု ကျင်းပမည်ဖြစ်ရာ ထိုပြောဟောမည့် လူတစ်စုကို ဗမာ့ထွက်ရပ်ဂိုဏ်းဟု ခေါ်ဆိုလေသည်။ ပြောဟောမည့်သူများ စင်မြင့်ပေါ်သို့ တက်ရောက်ကြရာ၌ ပြည့်ကျပ်သော ပရိသတ်ကို ဖြတ်ကျော်ပြီးမှ တက်ရောက်ကြရလေရာ အကြိမ်များသော အခါ ခန္တီတရား ခေါင်းပါးသူများက 'အလွန်ခက်တာပဲ၊ သူတို့ကို လမ်းဖယ်ပေးနေရတာနဲ့ ပြီးနေတယ်။ စင်ပေါ်ကို ဟိုဘက်က ကွေ့တက်ကြတာ မဟုတ်ဘူး'ဟု ညည်းညူနေကြ၏။ ပြောဟောပွဲ မစသေးသဖြင့်လည်း သူတစ်ခွန်း ငါတစ်ခွန်း သန်ရာသန်ရာ ပြောဆို ဆူညံနေကြ၏။

'ဟော...လာပြီ'

ပရိသတ်ထဲမှ အသံတစ်သံ ထွက်ပေါ်လာရာ ပရိသတ်ရှိသမျှ လူရော ရဟန်းပါ နောက်ပိုင်းသို့ သမင်လည်ပြန်လှည့်ကုန်ကြလေသည်။ ခေါင်းပေါင်းခပ်စောင်းစောင်း၊ မီးခိုးရောင် သက္ကလတ်အင်္ကျီ၊ အနီစင်းကန့်လန့် နက်ပြာခံချိတ်ဆင်ပုဆိုးနှင့် ဖြူဖြူခွံ့ခွံ့ လူရည်သန့်တစ်ယောက်သည် ပိတ်ဆို့နေသော ပရိသတ်ထဲသို့ပင် ခပ်ယို့ယို့ ဝင်လာ၏။ ထိုသူကား မည်သူ့အားမျှ 'နေရာကလေးတစ်ဆိတ်လောက်'ဟု မပြောလိုက်ရ။ နှစ်ဖက်နှစ်ချက် အလိုလိုတိမ်းဖယ်လိုက်ကြသည်မှာ စင်မြင့်အထိ လမ်းကလေး

mgyoe.com

mgyoe.com


ဖြောင့်ဖြူးသွား၏။ ဆူညံနေသူမှန်သမျှလည်း စူးစိုက်ငြိမ်သက်သွားကြလေသည်။

ပရိသတ်အားလုံး၏ မျက်လုံးသည် သူ့ဆီရောက်နေတော့သည်။ ထိုအခါက သူ့ကိုတွေ့ရမြင်ရသည်မှာ ရောင့်ရဲတင်းတိမ်ဟန် မရှိကြချေ။ သူ ဘယ်သလဲ...

သူသည် ထိုအခါက ရာထူးဟူ၍ ဘာမျှမရှိ။ ဆန်ဒိုဇော်ဝိတ်တို့ကဲ့သို့လည်း ကာယဗလ မတောင့်တင်းချေ။ သူ့ကို စင်မြင့်ပေါ်တင်နေကြလေပြန်သည်။ သူ ဘယ်သူလဲ၊ သူ့ကို သင်တို့ သိကောင်းသိပေလိမ့်မည်။ သူကား ဒေါက်တာဘမော်ပင်တည်း။

နောက်တစ်နေ့ သတင်းစာများတွင် ဗမာ့ထွက်ရပ်ဂိုဏ်း၏ ပြောဟောချက်များနှင့် မည်သည့်ပုဂ္ဂိုလ်များ ကြွရောက်ကြောင်းကို ဖော်ပြရာ၌ ဒေါက်တာဘမော်သည် မည်သည့်ပုဆိုး၊ မည်သည့်ဖိနပ် စီးထားသည်အထိ ထည့်သွင်း ဖော်ပြကြလေသည်။

အဆွေသတင်းထောက်...အဆွေသည် ဒေါက်တာဘမော်၏ အဝတ်အထည်ကို ကျကျနန ဖော်ပြ၏။ ဒေါက်တာဘမော်နှင့် မနီးမဝေး စင်မြင့်၏နံဘေးမှ အသက်လေးဆယ်ကျော် ပန်းရောင်ခေါင်းပေါင်း၊ သျှောင်တစောင်းနှင့် မုန့်ဖက်ထုပ် စိန်လက်စွပ်ကြီး ဝတ်ပြီး ချိတ်ပုဆိုးနှင့် ရပ်နေသော နှုတ်ခမ်းမွေးကားကား ဦးသာညိုကို မမြင်ယောင်တကား။

သတင်းစာလုပ်ပုံသည် ဒေါက်တာဘမော်ထက်

mgyoe.com

mgyoe.com



အဖိုးတန်စွာ ဝတ်လာစားလာသူများ စိတ်မကောင်းဖွယ် ဖြစ်၏။ သို့သော်လည်း မည်သူမျှ ဝမ်းနည်းသည်ဟု မကြားရချေ။ ကျေနပ်ပြုံးရွှင်စွာပင် ဖတ်ရှုလိုက်ကြလေသည်။

ရန်ကုန်မြို့ မင်္ဂလာဆောင်တစ်ခုသို့ လူကုံထံ အရာရှိများ များစွာ ကြွရောက်ချီးမြှင့်ဖူး၏။ မျက်နှာကြီးဖြစ်၍ ကြီးကျယ် စည်းကားသော်လည်း 'လက်ထပ်ပြီးစီး ကြောင်း'ဟူသော ကြော်ငြာတွင် 'ဒေါက်တာဘမော်နှင့် ဒေါ်ခင်မမ'တို့ ကြွရောက်ချီးမြှင့်ကြောင်းလောက်သာ အသားယူ ထည့်သွင်းထားလေသည်။

စာဖတ်သူအဆွေ...ထိုသို့ဖြစ်ရသည့်သဘောကို သင် ရိပ်မိကောင်းပါ၏။ အကယ်တိ ထိုမင်္ဂလာဆောင်သို့ သွားရောက်ချီးမြှင့်သူများအထဲ သင်လည်း ပါဝင်အံ့၊ နောက်တစ်နေ့ သတင်းစာတွင် သင့်နာမည် မပါသည့်အတွက် ဝမ်းနည်းမည်လား။ ဝမ်းနည်းခြင်းဖြစ်က ဖြစ်နိုင်ပါသည်။ ဒေါသတော့မထွက်ပါနှင့်။ ဒေါသထွက်ပါက သင်သည် မနာလို ဝန်တိုသူတစ်ယောက်ဟု ကျွန်ုပ် အတပ်ဆိုဝံ့၏။ မတော်တဆ ဒေါသထွက်မည်ကြံလျှင် ငါသည် ဒေါက်တာဘမော်ဟုတ် မဟုတ်ကိုသာ ကြပ်ကြပ်စဉ်းစားပါလေ။

သင့်ကို စကားတစ်ခွန်းမေးပါရစေ၊ မှန်မှန်ဖြေပါ။ ထိုပုဂ္ဂိုလ်၏ နေရာတွင် သင် မဖြစ်ချင်ဘူးလား။ သူ၏ သတင်း၊ သူ၏ ဂုဏ်မျိုး သင့်အား လွှဲအပ်၍ ရနိုင်သော

mgyoe.com

mgyoe.com


ကြောင့် လွဲအပ်ခဲ့သော် သင် ငြင်းပယ်နိုင်ပါမည်လား။ သူ့ဘဝ သူ့အခြေမျိုးကို သင် မတောင့်တလိုက ရှိပါစေ။ နိပွန်ပြည် ပညာသင် မောင်ခင်ဆိုသူကမူ အောက်ပါအတိုင်း ထုတ်ဖော် ပြောဆိုခဲ့လေပြီ။

'ဒေါက်တာဘမော် နိပွန်ပြည်သို့ ရောက်လာသည်ကို များစွာ နှစ်ခြိုက်ဝမ်းသာပါကြောင်း၊ မိမိသည် ဒေါက်တာဘမော်အား ယခင်ကတည်းကပင် ကြည်ညိုလေးစားပါကြောင်း၊ မိမိမှာ ပညာသင် တစ်ယောက်သာဖြစ်၍ နိုင်ငံရေးကို နားမလည်သော်လည်း ဒေါက်တာဘမော်ကဲ့သို့ (ထင်ရှားကျော်စော) မွန်မြတ်သော ပုဂ္ဂိုလ်ထူးတစ်ယောက် ဖြစ်ရပါလိုကြောင်း'

တစ်ကြိမ်တစ်ခါက တစ်တိုင်းတစ်ပြည်လုံး စိတ်ဝင်စား၍ လူသိ အများဆုံး ခံခဲ့ရသူ နှစ်ဦးမှာ 'မောင်ပွင့်ကောင်းနှင့် သန်းသန်း' ဖြစ်လေသည်။ ဒီလင်ဒီမယား၊ ဟိုလင်ဟိုမယား ညားကြပေါင်းလည်း များပါရဲ့၊ မိန်းကလေးကို မော်တော်ကားနှင့် တင်ပြေးပြီးမှ အကြောင်းပါသွားကြသူများလည်း များကြပါရဲ့။ သို့သော် သူတို့နှစ်ယောက် လောက် လူအများ ဂရုမစိုက်ကြချေ။

မောင်ပွင့်ကောင်း မော်တော်ကား တင်ပြေးပြီးနောက် သန်းသန်းအား ကယ်တင်ရေးတပ်က သိမ်းဆည်းထားရာ မောင်ပွင့်ကောင်းမှာ ချစ်သူအား တွေ့လိုဇောဖြင့် မောရမှန်းမသိ နေပူကျဲကျဲ၌ အရိပ်တကြည့်ကြည့်နှင့် စောင့်မျှော်နေစဉ် အနီးရှိ အိမ်တစ်အိမ်မှ ပုဂ္ဂိုလ်တစ်ဦးက

mgyoe.com

mgyoe.com



ကရုဏာမကင်းသဖြင့် အိမ်ပေါ်သို့တက်ရောက်ရန် ခေါ်တင်၏။ မောင်ပွင့်ကောင်းသည် ရွှဲရွှဲစိုနေသော ချွေးများကို နဖူးမှ သပ်ချရင်း 'ဒုက္ခပါပဲ ဦးလေးရယ်၊ ကျွန်တော့်အဖြစ်ဟာ စိတ်မချမ်းသာစရာကြီးဖြစ်နေတာပဲ'ဟု ညည်းညူလေသည်။ ထိုပုဂ္ဂိုလ်က ဘာပြန်ပြောသလဲ။

'မောင်ရင် ဘာကို ဒုက္ခလို့ ခေါ်တာလဲ။ မောင်ရင့်အဖြစ်ဟာ စိတ်မချမ်းသာစရာ ဟုတ်ပါ့မလား။ မောင်ရင့်အဖြစ်မျိုးဟာ တော်ရုံလူ ရနိုင်တာမျိုး မဟုတ်ဘူး။ မောင်ရင်လို ရန်ကုန်မြို့မှာ ကားတင်မှုတွေ များပါရဲ့။ ဥက္ကောင္မွေယျ မဖြစ်ခဲ့ပါဘူး။ မောင်ရင့်ဆီကျတော့ တစ်တိုင်းပြည်လုံးနဲ့အောင် ထင်ရှားကျော်စောသွားတယ်။ ခုလို ကျော်စောသွားတဲ့အဖြစ်မျိုးကို ငွေတစ်သိန်းပေးဝယ်လို့ရတာဖြင့် ဦးလေး ဝယ်ယူလိုက်ပါရဲ့'ဟု အားပေးပြောကြားလေသည်။ ထိုပြောသူကိုယ်တိုင် လေယာဉ်ပျံဖြင့် ခရီးထွက်ရင်း အင်္ဂလိပ်သံ့ပန်းဖြစ်ခဲ့လေပြီ။

အထက်ပါ တောင့်တချက် နှစ်မျိုးလုံးကို စဉ်းစားဆင်ခြင်ကြည့်အံ့။ နိုပွန်ပညာသင်မောင်ခင်သည် ဒေါက်တာဘမော်ကဲ့သို့ဖြစ်လိုသည်ဆိုရာ၌ ဝန်ကြီးချုပ်ဟူသောရာထူးကို အားကျခြင်းလော။ ရာထူးကြောင့် တောင့်တမည်ဆိုလျှင် ထိုရာထူးမျိုးကို ရရှိဖူးကြသည်မှာ မြန်မာပြည်၌ဒေါက်တာဘမော်တစ်ဦးတည်းမဟုတ်သည့်ပြင် ထိုရာထူးထက် ကြီးကျယ်သော သမ္မတနှင့် အင်ပါယာ ရှင်ဘုရင်နေရာမျိုးကို မောင်ခင် တောင့်တဖို့ သင့်လေသည်။

mgyoe.com

mgyoe.com



ထိုမျှမက ရာထူးကြောင့်ဟုဆိုလျှင် သာမည မဟုတ်သော ပုဂ္ဂိုလ်တစ်ယောက်လုံးသည် ဝန်ကြီးချုပ် မဟုတ်သော မောင်ပွင့်ကောင်း၏ အဖြစ်ကို ငွေတစ်သိန်း ပေးဝယ်လို့ရရင် ဝယ်ယူလိုက်ပါရဲ့ဟု ဆိုလိမ့်မည် မဟုတ်။

တစ်ဦးအဖြစ်ကို တစ်ဦး တောင့်တရာ၌ ဘာကို အလိုရှိ၍နည်း။ ယခုစာအုပ်ကို ကိုင်ထားသူ အဆွေကောင်း ကောင်း နားလည်လိမ့်မည်။ ရာထူးကြောင့်မဟုတ်၊ ဓန ကြေးငွေကြောင့်မဟုတ်၊ ပညာဂုဏ်ကြောင့်မဟုတ်၊ ကျန်းမာသန်စွမ်းလှ၍ မဟုတ်ဟုဆိုလျှင် ကျွန်ုပ် သင့်အား မည်သို့မျှ မဆိုလိုပေ။ သို့တောင့်တရာ၌ ထင်ရှားကျော် စောခြင်း ဂုဏ်ကို အလိုရှိ၍ မဟုတ်ဟုဆိုလျှင် သင်သည် မုသားသုံးသူဟု ကျွန်ုပ်စွပ်စွဲရပေလိမ့်မည်။

သို့ဖြစ်လေရာ ထင်ရှားကျော်စောခြင်းသည် လူတိုင်း လူတိုင်း အလိုရှိအပ်သော ဂုဏ်သတင်းတစ်ခုဟု မဆိုနိုင်ပါသလော။ မည်သူတွေ မည်သည့်ကိစ္စကို ဆောင် ရွက်နေသည်ဖြစ်စေ ထိုကိစ္စပေါ်၌ ကောင်းသော ထင်ရှား ကျော်စောသည့်အခွင့်အရေးကိုလည်း ရနိုင်သည်ဖြစ်ပါစေ၊ ထိုအခွင့်အရေးကို ကျော်လွန်ပြီး မထင်ရှား မကျော်စောချင် ပါဟုဆိုလျှင် ထိုပုဂ္ဂိုလ်သည် ထင်ရှားကျော်စောခြင်း၏ အရသာကို မသိနားမလည်သောကြောင့်သာ ဖြစ်ရပေမည်။

ထင်ရှားကျော်စောခြင်းဂုဏ်ကား ဈေးပေါပေါနှင့် ရနိုင်သော ပစ္စည်းမျိုးမဟုတ်။ ကျယ်ဝန်းသော ကမ္ဘာကြီး ပေါ်၌ များပြားသော လူဦးရေတွင် ထင်ပေါ်ကျော်စောသူ

mgyoe.com

mgyoe.com


များသည် ထူးခြားသော လူနည်းစုကလေးဖြစ်၏။ ထိုလူနည်းစု၏နေရာသည် သာမည လူတို့၏ သွားလာရာ လမ်းခရီး မဟုတ်ပေ။

ထိုလူနည်းစု လမ်းခရီးတွင် သင် ပါဝင်ပါသလော။ သင်သည် ထင်ပေါ်ကျော်စောနေ သူတစ်ယောက်ဖြစ်ကောင်း ဖြစ်နေပါလိမ့်မည်။ သင် မမာမကျန်း ဖြစ်ခဲ့ဖူးသောအချိန်ကို ပြန်လှန်စဉ်းစားလေ။ သင့်ထံသို့ သတင်းထောက် ဘယ်နှယောက် လာဖူးသနည်း။ 'ဒီကနေ့ စားလို့သောက်လို့ ဘယ်လိုနေပါသလဲ'ဟု စကားပြောသံကြိုးမှ မေးမြန်းဖူးပါသလား။ သင် နေထိုင်မကောင်းဖြစ်ပြီး နောက်တစ်နေ့ တစ်ကမ္ဘာလုံးကသိ၊ မသိ သို့မဟုတ် သင်၏တိုင်းပြည်က ကြား မကြား၊ သို့မဟုတ် သင်နေထိုင်ရာ မြို့ရွာ ရပ်ကွက်ကလေးက သတင်းရ မရ။ အကယ်၍ ကိုယ့်တိုင်းပြည်၊ ကိုယ့်ရွာ၊ ကိုယ့်ရပ်ကွက်ကလေးကပင် မသိဟုဆိုလျှင် သင်သည် ကျွန်ုပ် ထင်သကဲ့သို့ မဟုတ်နိုင်ပေ။

သို့အတွက် လူတိုင်း လူတိုင်းသည် မိမိကိုယ်ကို မိမိ ပြန်လှန်သုံးသပ်ပြီး 'ငါ ဘယ်သူလဲ'ဟု မေးမြန်းစစ်ကြောသင့်၏။ ငါ၏ အဆင့်အတန်း ငါ၏ အခြေအနေ မည်သို့နည်းဟု ပြန်လှန်စဉ်းစားရာ၌

၁။ ငါသည် ထင်ပေါ်ကျော်ကြား လူသိများသော လူတစ်ယောက်လော။

၂။ မထင်မရှား သာမည လူစားလော

ဟု တွေးတောခန့်ခွဲကြည့်ပါ။ အကယ်၍ မလွယ်ကူလျှင်

mgyoe.com

mgyoe.com


အောက်ပါ နည်းမျိုးဖြင့် စမ်းသပ်ကြည့်နိုင်ပေသည်။

သင်သည် ရန်ကုန်မြို့တွင်နေ၍ နာမည် မောင်ဘဖေ ဆိုပါတော့၊ သင့်ထံသို့ ဆွေမျိုးညာတိ၊ သို့မဟုတ် အသိမိတ် ဆွေများထံမှ စာရေးပေးပို့ဖူးလိမ့်မည်။ သင့်လက်သို့ ရောက်နေသော စာအိတ်တစ်ခုပေါ်မှ လိပ်စာကို ပြန်လှန် ကြည့်ပါ။

မောင်ဘဖေ
အိမ်အမှတ် ( ) ဗိုလ်ချုပ်လမ်း၊
ရေကျော်ရပ်၊
ရန်ကုန်မြို့။

ဟူ၍ အပြည့်အစုံ ပါပါသလား။ အကယ်တန္တု အိမ်အမှတ် နှင့် လမ်းနာမည် မပါဘဲ **မောင်ဘဖေ ရန်ကုန်မြို့** ဟု လိပ်တပ်ထားလျှင် ထိုစာ သင့်ထံသို့ ရောက်နိုင်ပါမည် လား။ မရောက်ဟု ဆိုငြားအံ့။ သင်သည် ထင်ပေါ်ကျော် ကြား လူသိများသူမဟုတ်ပေ။

နောက်ထပ် စာတစ်စောင် ရေး၍ စမ်းသပ်ပါဦး။ စာအိတ်ပေါ်တွင် **'ဟစ်တလာ'** ဟုသာ တပ်ပါ။ စာပို့တိုက် ဌာနသည် မရေမတွက်နိုင်သော လူဦးရေကို ကမ္ဘာနှင့်ချီ၍ လိုက်လံစစ်ဆေးမည်မဟုတ်။ ထိုစာကို ဂျာမနီပြည်သို့ ပို့ ပစ်လိမ့်မည်။ **'ဂန္ဒီ'** ဟုဆိုလျှင် မြန်မာပြည်၊ တရုတ်ပြည်၌ ရှာဖွေမည်မဟုတ်။ အိန္ဒိယပြည်သို့ ဆိုက်ဆိုက်မြိုက်မြိုက်

mgyoe.com

mgyoe.com


ရောက်ပေလိမ့်မည်။ ဂန္ဒီက ကျွန်ုပ်စာမဟုတ်ပါဟု ဆိုမှ ထိုစာသည် အမှိုက်ခြင်းထဲသို့ ရောက်ဖို့ရှိလေသည်။

ကျွန်ုပ်သည် တစ်ခါက ဗန္ဓုလဦးစိန်ထံသို့ မော်လမြိုင်မှ စာတစ်စောင် ပေးဖူး၏။ ထိုအခါက ဗန္ဓုလဦးစိန်သည် လမ်းပန်းအဆောက်အအုံနှင့် တိုင်းပြည်ပြန်လည်ထူထောင်ရေးဝန်ကြီးဖြစ်လေသည်။ ကျွန်ုပ်သည် လိပ်စာ ရေးရာ၌

ဗန္ဓုလဦးစိန်
လမ်းပန်းအဆောက်အအုံနှင့်
တိုင်းပြည်ပြန်လည်ထူထောင်ရေးဝန်ကြီး၊
အတွင်းဝန်များရုံး၊ ရန်ကုန်မြို့။

ဟု စာအိတ်ပေါ်ရေးနိုင်၏။ သို့သော် အထက်ပါလိပ်စာကို ကျွန်ုပ် မသုံးခဲ့ချေ။ စာအိတ်ပေါ်တွင် 'ဗန္ဓုလဦးစိန်'ဟူ၍သာ ရေးတပ်လိုက်၏။ ထိုစာသည် ချောချောမောမော ရောက်ပါမည်လား။ ရောက်ပါသည်။

ကျွန်ုပ် အဘယ်ကြောင့် ထိုစဉ်က တိုတောင်းစွာ လိပ်တပ်လိုက်သည်ကို စာဖတ်သူ ရိပ်မိကောင်း၏။ ကျွန်ုပ်မှာ ထိုမျှ ရှည်လျားသော လိပ်စာကို လက်ညောင်း၊ အချိန်ကုန်ခံ၍ မရေးလိုသည့်ပြင် လူမသိ သာမညပုဂ္ဂိုလ်တစ်ယောက်အား စာရေးပေးပို့သကဲ့သို့ လိပ်စာအပြည့်အစုံ တပ်ရမည်ဆိုလျှင် ဗန္ဓုလဦးစိန်လို ထင်ရှားသောပုဂ္ဂိုလ်

mgyoe.com

mgyoe.com


တစ်ဦးအား ကျွန်ုပ်သည် မထေမဲ့မြင် စော်ကားရာကျပေလိမ့်မည်။

သို့ဖြစ်ရကား ကျွန်ုပ်သည် အောက်ပါ ထင်မြင်ချက်တစ်ခုကို ပြုလို၏။

ကမ္ဘာလောက၌ နေထိုင်သူများထဲတွင် ဟစ်တလာ၊ ဂန္ဒီ အစရှိသောသူတို့ချည်းသာ မဟုတ်၊ သူတို့နှင့်အတူ ကျွန်ုပ်တို့ပါရှိကြသည်။ လောကပေါ်တွင် ကျွန်ုပ်တို့လည်း ရှိကြောင်း သူတို့ အသိအမှတ်မပြု၊ လူလူချင်းဖြစ်ပါလျက် လူဖြစ်သော ကျွန်ုပ်တို့ လောကတွင် ရှိနေကြောင်း သူတို့ မသိသည်မှာ အကယ်စင်စစ် ကျွန်ုပ်တို့အဖို့ နာကြည်းဖွယ်ပင် ဖြစ်ချေသည်။ လူတစ်ဖြစ်၌ ဆုံးရှုံးခြင်းတစ်မျိုးပင် ဖြစ်လေသည်။

သို့ဖြစ်လေရာ ထင်ပေါ်ကျော်စောခြင်းသည် ကျွန်ုပ်တို့ လူတစ်ဖြစ်၌ အလွန်ထူးမြတ်သောအရာသာပင် ဖြစ်၏။ ထင်ပေါ်ကျော်စောခြင်းသည် မိမိသွားလိုရာ လမ်းခရီး၌ အလွန်ကြီးကျယ်သောအင်အားဖြစ်ရာ ရွေးကောက်ပွဲမှစ၍ အလုအယက် ကြိုးပမ်းရမည့်ခေတ်ကြီးတွင် အရည်အချင်းတူညီပါစေ။ ထင်ပေါ်သူသည် တစ်လေးသာမြဲ ဖြစ်၏။ ထင်ပေါ်ကျော်စောခြင်းဂုဏ်သည် လူ့ရတတ် မရှားသော အမေရိကန်ပြည်၌ သီယိုဒေါ်ယုစဘဲ့အား သမ္မတနေရာသို့ အကြိမ်ကြိမ်တွန်းတင်ခဲ့လေပြီ။ ယုတ်စွအဆုံး အနိုပ်သည် ဖြစ်ပါစေ၊ အကြောင်းပေါင်းစုံကို အကုန်နားလည်သော်လည်း လူမသိလျှင် အချည်းနှီး၊ ထင်ပေါ်သော အနိုပ်သည်

mgyoe.com

mgyoe.com


သည် မထင်ပေါ်သော အနှိပ်သည်ထက် လာဘ်ရွှင်လေသည်။

ထင်ပေါ်ကျော်စောခြင်းကား မည်သူမည်ဝါအတွက် ဟူ၍ သီးသန့်မရှိ။ သင်သည် နိုင်ငံရေးသမားတစ်ဦး ဖြစ်အံ့။ ထင်ပေါ်ကျော်စောဖို့ အရေးကြီး၏။ စမ္ပကထိက ဖြစ်အံ့၊ အရေးကြီးပြန်၏။ စာရေးဆရာ၊ ပန်းချီဆရာ၊ ဝတ်လုံ တစ်ယောက်ဖြစ်အံ့ ထင်ပေါ်ကျော်စောဖို့ လိုပေလိမ့်မည်။ သာမည လခစားစာရေးတစ်ယောက်ဖြစ်အံ့၊ လိုပေလိမ့်မည်။ ပုသိမ်ဟာလဝါ ဖုတ်ရောင်းသူတစ်ယောက်ဖြစ်လျှင်ကော၊ လိုဦးမှာပဲ။

ထင်ပေါ်လျှင် စင်တော်ကကောက် ဟူသော စကားရှိလေသည်။ ထင်ပေါ်သူကား မထင်ပေါ်သူ၏ရှေ့မှ အမြဲရပ်နေရာ ကျွန်ုပ်ကိုယ်တိုင်ပင် ဤကျမ်းငယ်ကို ပြုစုရာ၌ နိဒါန်းရေးသားရန်အတွက် ထင်ပေါ်ကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးအား ဆည်းကပ်ခဲ့ရလေပြီ။

သင်တို့ ကျွန်ုပ်တို့၏ မျက်လုံးသည် လူပေါင်းများစွာကို အချိန်အတော်ကြာကြည့်ခဲ့ဖူး၏။ တစ်ကြိမ်လျှင် စက္ကန့်မည်မျှကြာမည်ထင်သလဲ။ မည်မျှကြာသည်ဖြစ်စေ၊ မိမိချစ်မြတ်နိုးသောသူမှလွဲလျှင် အချိန်အများဆုံး သင်တို့ ကျွန်ုပ်တို့၏ မျက်လုံး ကျက်စားရာဌာနသည် အကြောင်းတစ်ခုခုနှင့် ထင်ပေါ်ကျော်ကြားနေသူ၏ မျက်နှာပင် ဖြစ်လေသည်။

နိပွန်ဒဏ္ဍာရီများ၌ ချစ်သောမိခင်သည် မြတ်နိုး

mgyoe.com

mgyoe.com


သော သားအား ‘ငါ့သား ထင်ပေါ်ကျော်စောခြင်းကို အလို ရှိလော့’ဟူသော ဆုံးမပုံ စာမျိုးတွေ များစွာပါရှိ၏။ ထိုစာ မျိုးသည် ထင်ပေါ်ကျော်စောခြင်းအရသာကို ထိတွေ့ခံစား ရသူများ၏ လက်တန်းဖြစ်လေသည်။

ထင်ပေါ်ကျော်စောခြင်းသည် အဘယ်မျှအရေးကြီး သနည်း။ ထိုဂုဏ်များ မရရှိသူသည် ရအောင်၊ ရှိအောင် တမင်လုပ်ယူရ၏။ ထင်ပေါ်ပြီးသော အနောက်နိုင်ငံဇာတ် လိုက်များပင် သူတို့သတင်း မတိမ်မြုပ်ရန်အလို့ငှာ ရုပ်ရှင် စာအုပ်များမှ တစ်ဆင့် ကမ္ဘာသို့ ဖြန့်ဖြူးရန်အတွက် ‘မည်သည့်နေ့ ဆံပင်ညှပ်သည်’ ‘အဘယ်နေ့က နေထိုင် မကောင်း’စသည်ဖြင့် အမြဲ မှတ်သားရေးခြစ်နေသူ စက္ကရီ တောရီတစ်ယောက်ကို ငွေများစွာပေး၍ ငှားရမ်းထားရလေ သည်။

လောကတွင် လူဖြစ်လာက ပွဲမရှိသောလှေကို စီး သကဲ့သို့ မဖြစ်စေရ။ ရည်မှန်းချက်တစ်ခု ရှိကောင်းရာ၏။ ထင်ပေါ်ကျော်စောခြင်းသည် မိမိရည်မှန်းသော အထွတ် အထိပ်လမ်းခရီး၌ အလွန်ရောက်လွယ်စေသော လှေကား ဖြစ်လေသည်။

ထို့ကြောင့် စာဖတ်သူအဆွေ...ထင်ပေါ်ကျော်စော ခြင်းသည် လူတိုင်းလူတိုင်း အဆင့်အတန်းမရွေး လိုလား တောင့်တအပ်သော ထူးမြတ်သည့် ဂုဏ်ပုဒ်တစ်ရပ် ဖြစ် ကြောင်း သင်နားလည်ဘိမူ ယခု ရရှိနေသော တစ်ဝမ်း တစ်ခါး ကျေနပ်ရုံမျှနှင့် ချောင်ထဲတွင် ကုပ်မနေပါနှင့်။

mgyoe.com

mgyoe.com


ဤစာကို ဖတ်ပြီးသည့်အချိန်မှစ၍ ထင်ပေါ်ကျော်စောခြင်းကို အလိုရှိလော့။ ထင်ပေါ်ကျော်စောရန် အခွင့်အရေးကို အမြန်ရှာလော့။

သင်နှင့် ကျွန်ုပ်တို့သည် လူမသိသောဘဝနှင့် သာမညဖြစ်နေအံ့။ ကျွန်ုပ်တို့နာမည် ပါဝင်ရန် သတင်းစာတိုက်များသို့ ငွေကြေးပေး၍ ကြော်ငြာရချိမ့်မည်။

ထင်ပေါ်ကျော်စောအံ့၊ ကျွန်ုပ်တို့သတင်းကို သူတို့ငွေကြေးနှင့် လာရောက်ဝယ်ယူလိမ့်မည်။

ယုတ်စွအဆုံး သင်သည် လူဆိုးလူပေတစ်ယောက်ဖြစ်အံ့၊ ဆိုးရွားသောအပြုအမူကြောင့် ရာဇဝတ်ဒဏ်နှင့် ဘဝကိုစွန့်ရပါစေ၊ လူမသိသူမသိ သာမညအခြေမျိုးနှင့် လူ့ပြည်ကို စွန့်ပစ်မသွားပါနှင့်။ အမေရိကန် ဒီလင်ဂျား၊ မြန်မာပြည်စံဖဲတို့လို ထင်ပေါ်ကျော်စောပြီးမှ အသက်ကို အသေခံပါ။

ဟစ်တလာ၊ ဂန္ဒီ အစရှိသော ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့သိ၏။ ကျွန်ုပ်တို့သိသောသူတို့သည် အပြန်အလှန်သဘောနှင့် ကျွန်ုပ်တို့အားလည်း ပြန်လှန်သိပါသလောဟု မေးကြားအံ့၊ မသိကြောင်း ငြင်းပယ်မည်မှာ မုချတည်း။ ရှက်ဖွယ်ကောင်းလေစွ။ သို့ဖြစ်လေရာ အထက်ကစာတစ်ပိုဒ်ကို သင်နှင့် ကျွန်ုပ်အတွက် ထပ်မံဖော်ပြရပါစေ။

ကမ္ဘာလောက၌ နေထိုင်သူများထဲတွင် ဟစ်တလာ၊ ဂန္ဒီ အစရှိသောသူတို့ချည်းသာမဟုတ်။ သူတို့နှင့်အတူ ကျွန်ုပ်တို့ပါ ရှိကြသည်။ လောကပေါ်တွင် ကျွန်ုပ်တို့လည်း

mgyoe.com

mgyoe.com


ရှိကြောင်းကို သူတို့ အသိအမှတ်မပြု။ လူလူချင်းဖြစ်ပါလျက် လူဖြစ်သော ကျွန်ုပ်တို့ လောကတွင် ရှိနေကြောင်း သူတို့မသိသည်မှာ အကယ်စင်စစ် ကျွန်ုပ်တို့အဖို့ နာကြည်းဖွယ်ပင် ဖြစ်ချေသည်။ လူအဖြစ်၌ ဆုံးရှုံးခြင်းတစ်မျိုးပင် ဖြစ်လေသည်။

၀

mgyoe.com

mgyoe.com

# ကျန်ရစ်ခြင်း

## မနုဿတ္တ ဒုလ္လဘ

လူ့ပြည်မှ အပ်တစ်စင်း၊ ဗြဟ္မာ့ပြည်မှ အပ်တစ်စင် ထိုနှစ်စင်းသည် တစ်စင်းနှင့် တစ်စင်း ထိတန်ရာ၏။ လူ့ဘဝကား ရခဲသည်ဟု ဆိုလေသည်။

လယ်တီဆရာတော်ဘုရားကြီးက 'လိပ်ကန်းထမ်းပိုးစွပ်' ဥပမာတစ်ခုကို ဆောင်ခဲ့၏။ တောင်သမုဒ္ဒရာ၌ လှည်းတင် ထမ်းပိုးတစ်ခုသည် မျောနေ၏။ မြောက်သမုဒ္ဒရာ၌ လိပ်ကန်းတစ်ကောင်သည် ကူးချင်ရာ ကူးယက်နေ၏။ တစ်နေ့သ၌ ထိုလိပ်ကန်း၏ ဦးခေါင်းသည် ထမ်းပိုး၏ အပေါက်တွင်းသို့ စွပ်မိလေ၏။ ထိုစွပ်မိခြင်းကား အလွန်လွယ်ကူ၍ လူ့ဘဝကို စွပ်မိဖို့ရန်မှာ လိပ်ကန်းထမ်းပိုးစွပ်ထက် ခက်ခဲသည်ဟု ဆိုလေသည်။

ဟိသစ္စံ– ထိုစကားမှန်လေသည်။ လူသည် လူကို

mgyoe.com